**ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး**

**၃၆ ရက်မြောက်နေ့ အစီအစဉ်**

**[ ၂၈-၇-၂၀၁၄ ] (တနင်္လာနေ့)**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၃၆ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးဇော်ဝင်းအောင်၊ မြင်းမူ မဲဆန္ဒနယ်၏ **မြန်မာ့ရိုးရာ အားကစား ဖြစ်သော လက်ဝှေ့အားကစားနည်းကို အဆင့်မြှင့်တင်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးရဲထွဋ်ဦး၊ နတ်တလင်း မဲဆန္ဒနယ်၏ **အောင်ဘာလေသိန်းထီဆုနှင့် ပတ်သက်၍ လစဉ်ရောင်းရငွေနှင့် အုပ်ရေတို့ကို နိုင်ငံပိုင် သတင်းစာများတွင် ထည့်သွင်းကြေညာပေးနိုင်ခြင်း ရှိ၊ မရှိနှင့် အခွန်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းထားသော ဆုငွေများကို မည်သို့စီမံထားသည်ကို သိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးအေးမောက်၊ မလှိုင် မဲဆန္ဒနယ်၏ **အိမ်ခြံမြေ ရောင်းဝယ်၊ ငှားရမ်းခြင်းများအပေါ် အခွန်ငွေ တွက်ချက်ရန် အိမ်ခြံမြေ ဈေးနှုန်း သတ်မှတ်ခြင်းအား ထုတ်ပြန် ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ကျန်းမာရေးမြှင့်တင်မှုကော်မတီက တင်သွင်းသည့် **“ မြန်မာနိုင်ငံ ဆေးကောင်စီ ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက် အဆိုအား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၇။ အမျိုးသားလွှတ်တော်က သဘောမတူကြောင်း ပြန်ကြားလာသော **“၁၉၅၄ ခုနှစ်၊ နိုင်ငံတော် အထိမ်းအမှတ်များ(ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ အသိပေးခြင်း၊ ဦးတင်မောင်ဦး၊ ရွှေပြည်သာ မဲဆန္ဒနယ်မှ ရှင်းလင်းတင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **“ မြန်မာ့လေကြောင်း ဥပဒေကြမ်း”** ကို လက်ခံရရှိကြောင်း အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၉။ ဦးအောင်ဇင်၊ ပုဗ္ဗန်တောင် မဲဆန္ဒနယ်၏ **“ ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ဒီမိုကရေစီစနစ်ကို ပိုမိုဖော်ဆောင်နိုင်သော အချိုးကျ ကိုယ်စားပြုစနစ်ကို အခြေခံသည့် ရွေးကောက်ပွဲ နည်းလမ်းကို ပြည်သူ့လွှတ်တော် ရွေးချယ်တင်မြှောက်ပွဲအတွက် စီစဉ်ဆောင်ရွက်ပေးရေး”** အဆိုနှင့်စပ်လျဉ်း၍ အောက်ပါ ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း–

(က) ဦး--------------၊ ---------- မဲဆန္ဒနယ်၊

(ခ) ဦး--------------၊ ---------- မဲဆန္ဒနယ်၊

(ဂ) ဦး--------------၊ ---------- မဲဆန္ဒနယ်၊

၁၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေး ၃၆ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၃၇ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။